## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၀၅ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – ဦးဝင်းနိုင် (Managing Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – Asia Rising Star Travel & Tour Co.,Ltd.<br>အမှတ်– ၅၀၁(B)၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။<br>01-536003၊ 09 – 444023698 |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – Kyaik Hto Hotel Upgrading Project |
| (ဃ) | **စီမံကိန်းကာလ** | – အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – စီမံကိန်းဧရိယာ (၅.၆၄) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – အကွက်အမှတ်–OSS_25၊ မာလာဖူးအပြင်ကွက်၊ မာလာဖူးကျေးရွာအုပ်စု၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | – စတင်ထုတ်ပေးရက် – ၆–၁–၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် – ၅–၁–၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | – မွန်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၆–၈–၂၀၂၄ ရက်စွဲပါ စာဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (EIA)"** |



၁၉.၂.၂၀၂၅

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

**Asia Rising Star Travel & Tour Co.,Ltd.မှ အကောင်အထည်ဖော်ဆောင်ရွက်မည့်**
**"ကျိုက်ထိုဟိုတယ်အဆင့်မြှင့်တင်ခြင်း"စီမံကိန်း အကြောင်းအရာ**

၁။ **Asia Rising Star Travel & Tour Co.,Ltd.**မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် "ကျိုက်ထိုဟိုတယ်အဆင့်မြှင့်တင်ခြင်း" စီမံကိန်းအတွက် မွန်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ၆-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၆/၇(၀၃) (၂၀၈၇/၂၀၂၄)ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ထုတ်ပေးခြင်း ဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဝင်းနိုင်၊ မန်နေးဂျင်းဒါရိုက်တာ၊ အမှတ် ၅၀၁(B)၊ ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၁- ၅၃၆၀၀၃၊ ၀၁- ၂၃၀၆၀၃၅-၃၆၊ ၀၉-၄၄၄၀၂၃၆၉၈ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ မာလာဖူးကျေးရွာအုပ်စု၊ မာလာဖူးအပြင်ကွက်၊ အကွက်အမှတ် OSS_25တွင် တည်ရှိပြီး ဧရိယာအားဖြင့် ၅.၆၄ ဧကခန့် ကျယ်ဝန်းပါကြောင်း၊ အခန်းအမျိုးအစားပေါင်း ၃ မျိုးရှိပြီး အခန်း (၁၄၉) ခန်းမှ အခန်းပေါင်း (၂၃၀) ခန်းသို့ အဆင့်မြှင့်တင်တည်ဆောက်မည်ဖြစ်ကြောင်း၊ လက်ရှိဘန်ဂလို အမျိုးအစားအပြင် ၂ ထပ်နှင့် ၃ထပ် အဆောက်အအုံများပါဝင်မည်ဖြစ်ကြောင်း ရိုးရာအထည်ဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် စားသောက်ဆိုင်များလည်း ပါဝင်မည်ဖြစ် ကြောင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုငွေမှာ ကျပ်သန်းပေါင်း ၉၁၆၀ ခန့်ရှိ မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် အခန်းကြိုမှာခြင်း၊ ဧည့်သည်များ မရောက်မီ အခန်းကြိုတင်ပြင်ဆင်ခြင်း၊ ဧည့်ကြိုကောင်တာတွင် စာရင်းသွင်းခြင်း၊ ဧည့်သည်များ အတွက် ဝန်ဆောင်မှုများပေးခြင်း၊ ဧည့်သည်များမပြန်မီ အခန်းစစ်ဆေးခြင်းနှင့် အခန်းသန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပြုထားသောဝန်ထမ်း ၁၆၉ ဦးရှိပြီး ၇၂ ဦး လုပ်ငန်းခွင် လုပ်ကိုင်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ရေရရှိမှုအရင်းအမြစ်အနေဖြင့် မီတာ ၃၀၀ ခန့်ရှိ စမ်းချောင်းရေများကို ဒီဇယ်အင်ဂျင်ပန့်ဖြင့် စုပ်ယူ၍ ရေသိုလှောင်ထားရှိ၍ အခြားတောင်မှ စိမ့်စမ်းရေကို ဟိုတယ်၏အနောက်ဘက် မီတာ၂၀၀အကွာမှ ၂၀ × ၂၀× ၁၅ ပေရေကန်တွင် စုဆောင်း ပြီး 7 HP မော်တာဖြင့် မောင်းနှင်သောပန့်တစ်လုံးဖြင့် ဟိုတယ်သို့လွှဲပြောင်း ပို့ဆောင်ကြောင်း၊ ဝန်ထမ်း များအပါအဝင် အထွေထွေရေသုံးစွဲမှုမှာ ဟိုတယ်၁၀ခန်းအောက်အတွက် ရေသုံးစွဲမှုမှာ တစ်ရက် လျှင် ဂါလန် ၁,၀၅၀ ခန့်ရှိပြီး ပွဲတော်ရာသီအတွင်း ဟိုတယ်အခန်း ၂၀၀ ခန့်အတွက် တစ်ရက်လျှင် ဂါလန် ၄၃,၀၀၀ခန့်ရှိကြောင်း၊ လိုအပ်သောလျှပ်စစ်ဓာတ်အားကို မြို့နယ်လျှပ်စစ်ဓာတ်အားပေး

ကော်ပိုရေးရှင်းမှ ရယူကြောင်း၊ အရန်လျှပ်စစ်အနေဖြင့် 165 kVA နှင့် 93 kVA ဒီဇယ်ဂျင်နရေတာ နှစ်လုံးကို တပ်ဆင်ထားရှိကြောင်း၊ ဟိုတယ်အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းအတွက် 350 kVA ဒီဇယ်မီးစက်ကို အသုံးပြုမည်ဖြစ်ကြောင်း၊ လစဉ် ဒီဇယ်ဂါလန် ၂၁၀ ခန့် သုံးစွဲကြောင်း၊ လစဉ်ဒီဇယ် ဝယ်ယူမှုကုန်ကျစရိတ်မှာ ပျမ်းမျှ ကျပ် ၇၅၅,၀၀၀ ဖြစ်ပြီး လျှပ်စစ်မီတာခမှာ ပျမ်းမျှကျပ် ၃၂,၆၀၀,၀၀၀ ဖြစ်ကြောင်း အဆိုပြုစီမံကိန်းတွင် အသုံးပြုမည့် အဓိကကုန်ကြမ်းများနှင့် စက်ပစ္စည်း ယန္တရားများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| Sr.NO | Particular | Qty | Building No. × Qty | Total |
|---|---|---|---|---|
| 1 | Broken Brick | 23.10 | 3 × 23.10 | 69.3 |
| 2 | Cement | 8777.10 | 3 ×8777.10 | 26331.30 |
| 3 | Sand | 268.51 | 3 × 268.51 | 805.53 |
| 4 | Aggregate | 249.77 | 3 × 249.77 | 749.31 |
| 5 | Fuel | 426.00 | 3 × 426.00 | 1278.0 |
| 6 | Timber Scartling | 13.24 | 3 × 13.24 | 39.72 |
| 7 | Timber Planks | 5.90 | 3 × 5.90 | 17.70 |
| 8 | 5 plywood | 33.00 | 3 × 33.00 | 99 |
| | Nail | 606.27 | 3 × 606.27 | 1818.81 |
| 9 | Brick | 338994.00 | 3 × 338994.00 | 1016982 |
| 10 | X-met | 61887.00 | 3 × 61887.00 | 185661 |
| 11 | Emulsion Paint | 1087.00 | 3 × 1087.00 | 3261 |
| 12 | Enamel Paint | 31.20 | 3 × 31.20 | 93.60 |
| 13 | Red Oxide | 187.20 | 3 × 187.20 | 561.6 |
| 14 | Putty | 815.00 | 3 × 815.00 | 2445 |
| 15 | Reber | | | |
| | (a) 18mm | 16.76 | 3 × 16.76 | 50.28 |
| | (b) 10mm | 39.11 | 3 × 39.11 | 117.33 |
| | (c) 6.5mm | 2.39 | 3 × 2.39 | 7.17 |
| 16 | Steel Work | | | |

| | | | | | |
|---|---|---|---|---|---|
| | (a) | H–300×300 (94kg/m) | 18.06 | 3 ×18.06 | 54.18 |
| | (b) | H–250×250 (72.4kg/m) | 9.18 | 3 × 9.18 | 27.54 |
| | (c) | H–200×200 (49.9kg/m) | 7.29 | 3 × 7.29 | 21.87 |
| | (d) | I–400×200 (66 kg/m) | 145.19 | 3 × 145.19 | 436.47 |
| | (e) | I–300×150 (36.7 kg/m) | 30.47 | 3 ×30.47 | 91.41 |
| | (f) | I200×100 (21.3kg/m) | 1.71 | 3 × 1.71 | 5.13 |
| | (g) | I–250×125 (29.6kg/m) | 3.24 | 3 × 3.24 | 9.72 |
| | (h) | L Bar | 5.16 | 3 × 5.16 | 15.48 |
| | (i) | Base Plate | 41.00 | 3 × 41.00 | 123 |
| | (j) | 25mm Anchor Bolt | 246.00 | 3 × 246.00 | 738 |
| | (k) | 10mm thk : Plate | 492.00 | 3 × 492.00 | 1476 |
| | (l) | 8mm thk : Plate | 1414.88 | 3 × 1414.88 | 4244.64 |
| | (m) | 16 mm Bolt & Nut | 2636.00 | 3 × 2636.00 | 7089 |
| | (n) | 12 mm Bolt & Nut | 5488.00 | 3 × 5488.00 | 16464 |
| | (o) | DeckingSheet (M+l) | 17464.00 | 3 × 17464.00 | 52932 |
| | (p) | I–150 × 100 ×12 | 2568.00 | 3 × 2568.00 | 7704 |
| | (q) | 20mm Stud | 16290.00 | 3 × 16290.00 | 48870 |

| | | | | | |
|---|---|---|---|---|---|
| | (r) | Acetylene Cylinder | 66.09 | 3 × 66.09 | 198.27 |
| | (s) | Oxygen Cylinder | 220.30 | 3 × 220.30 | 660.9 |
| | (t) | Welding | 330.48 | 3 × 330.48 | 991.44 |
| | | **Total** | 460,939.60 | 1,382,818.8 | 1,382,818.8 |

Types of Machineries use during Construction Period

| Sr.No | Particulars | Unit |
|---|---|---|
| 1 | Bulldozer | 1 |
| 2 | Roller | 1 |
| 3 | Truck | 1 |
| 4 | Mixer | 1 |
| 5 | Pump | 1 |
| 6 | Concrete Vibrator | 1 |
| 7 | Generator | 1 |
| 8 | Compactor | 1 |
| 9 | Crusher | 1 |


Electronic Materials and Machines List

| Sr.No | Particular | Quantity | Remarks |
|---|---|---|---|
| 1 | Air –con | 150 | 0.75 kW/1 |
| 2 | Refrigerator | 150 | 25 kg/1 |
| 3 | Chest Freezer | 6 | 26 kg/1 |
| 4 | Water Heater | 64 | 50 Liter/1 |
| 5 | Water Heater | 66 | 15 Liter/1 |

| | | | |
|---|---|---|---|
| 6 | Dryer machine | 1 | 3HP |
| 7 | Water Pump | 2 | 7.5 kW/1 |
| 8 | Water Pump | 2 | 52.5 kW/1 |
| 9 | Generator | 1 | 275 kVA |
| 10 | Generator | 1 | 93 kVA |
| 11 | Bakey (Oven Machine) | 1 | 6.3 kW |
| 12 | Mixer Machine | 1 | 50 kg |

၅။ **စီမံကိန်းတည်နေရာ။** စီမံကိန်းတည်နေရာမှာ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ မာလောဖူးကျေးရွာအုပ်စု၊ အကွက်အမှတ် OSS-25၊ မြေဧရိယာ ၅.၆၄ ဧကတွင် တည်ရှိပါသည်။

## Asia Rising Star Travel & Tour Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် “ကျိုက်ထိုဟိုတယ်” စီမံကိန်း၏ တည်နေရာပြမြေပုံ





*Map 3 - 4: Surrounding Project Area in Google Map*

## Asia Rising Star Travel & Tour Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် “ကျိုက်ထိုဟိုတယ်” စီမံကိန်း၏ Layout Plan



# Asia Rising Star Travel & Tour Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် “ကျိုက်ထိုဟိုတယ်” ၏ စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ
## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ Asia Rising Star Travel & Tour Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် "ကျိုက်ထိုဟိုတယ်အဆင့်မြှင့်တင်ခြင်း" စီမံကိန်းအတွက် မွန်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ၆-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၆/၇(၀၃) (၂၀၈၇/၂၀၂၄) ဖြင့် တင်ပြထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြထားသည့် ကတိကဝတ်များနှင့် အောက်ပါ အလေးထားလိုက်နာရမည့် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ မာလာဖူးကျေးရွာအုပ်စု၊ မာလာဖူးအပြင်ကွက်၊ အကွက်အမှတ် OSS_25တွင် တည်ရှိပြီး ဧရိယာအားဖြင့် ၅.၆၄ ဧကခန့် ကျယ်ဝန်းပါကြောင်း၊ အခန်းအမျိုးအစားပေါင်း ၃ မျိုးရှိပြီး အခန်း (၁၄၉) ခန်း မှ အခန်းပေါင်း (၂၃၀) ခန်းသို့ အဆင့်မြှင့်တင်တည်ဆောက်မည်ဖြစ်ကြောင်း၊ လက်ရှိဘန်ဂလို အမျိုးအစားအပြင် ၂ ထပ်နှင့် ၃ထပ် အဆောက်အအုံများပါဝင်မည်ဖြစ်ကြောင်း ရိုးရာအထည်ဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်နှင့် စားသောက်ဆိုင်များလည်း ပါဝင်မည်ဖြစ်ကြောင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုငွေမှာ ကျပ်သန်းပေါင်း ၉၁၆၀ ခန့်ရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်အနေဖြင့် အခန်းကြိုမှာခြင်း၊ ဧည့်သည်များ မရောက်မီအခန်းကြိုတင်ပြင်ဆင်ခြင်း၊ ဧည့်ကြိုကောင်တာတွင် စာရင်းသွင်းခြင်း၊ ဧည့်သည်များအတွက် ဝန်ဆောင်မှုများပေးခြင်း၊ ဧည့်သည်များ မပြန်မီ အခန်းစစ်ဆေးခြင်းနှင့် အခန်းသန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ၊ အဆိုပြုထားသောဝန်ထမ်း ၁၆၉ ဦးရှိပြီး ၇၂ ဦး လုပ်ငန်းခွင်တွင် လုပ်ကိုင်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ဧရိယာနှင့် မြေတူးဖော်သည့် နေရာများတွင် ဖုန်မထစေရန်အတွက် ရေဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) ဂျင်နရေတာအိတ်ဇော့မှ အမှုန်အမွှားထွက်ရှိမှုမှ ကာကွယ်ရန် ဂျင်နရေတာ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရန်၊

(၃) မီးစက်ခေါင်းတိုင်တွင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးစနစ်များ တပ်ဆင်ရန်၊

(၄) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း နှင့် ပုံမှန်တိုင်းတာခြင်းများ ဆောင်ရွက်ရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ယာဉ်များနှင့် ဆောက်လုပ်ရေးယန္တရားများကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းဖြင့် ဆူညံသံနှင့် တုန်ခါမှုအလွန်အကျွံထွက်ခြင်းကို ရှောင်ရှားရန်၊

(၂) ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ အနီး အနားပတ်ဝန်းကျင်ရှိ လူနေအိမ်များထံသို့ အသိပေးကြေညာခြင်းများ ဆောင်ရွက် ရန်၊

(၃) ဆူညံသောနေရာများတွင် အလုပ်လုပ်သောဝန်ထမ်းများသည် ၎င်းတို့၏ ကျန်းမာရေးအတွက် ဆူညံသံကာကွယ်ရေးကိရိယာများ တပ်ဆင် (ဝတ်ဆင်) ၍ ဆောင်ရွက်ရန်၊

(၄) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း နှင့် ပုံမှန်တိုင်းတာခြင်းများ ဆောင်ရွက်ရန်။

(င) **မြေပေါ်နှင့်မြေအောက်ရေအပေါ် သက်ရောက်မှုများကြောင့် ထိခိုက်မှုလျှော့ပါးစေရေး။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ရေထုညစ်ညမ်းမှု လျော့နည်းစေရန်နှင့် ရေအရင်းအမြစ်များကို သုံးစွဲခြင်းနှင့် ထုတ်ယူခြင်းထက် ကျော်လွန်ခြင်းမရှိစေရေး တားမြစ်ရန်၊

(၂) ဟိုတယ်တွင် အဝတ်လျှော်ဌာန၊ မီးဖိုချောင်နှင့် ဧည့်သည်များ၏ တစ်ကိုယ်ရေ သုံးရေများအတွက် ရေဆိုးထုတ်မြောင်းစနစ်ကို စနစ်ကျစွာ အသုံးပြုရန်နှင့် မီးဖိုချောင်မှ မီးခိုးရောင်ရေ(Grey Water)နှင့် မိလ္လာရေများကို သဘာဝရေဆိုး သန့်စင်မှု စနစ်ဖြင့် စွန့်ပစ်ရေ(အညစ်အကြေး) သန့်စင်ခြင်း အလေ့အကျင့် များကို လုပ်ဆောင်ရန်၊

(၃) စီမံကိန်းရှိ ဆောက်လုပ်ရေးသုံးယာဉ်များမှ လောင်စာဆီ၊ စက်သုံးဆီများ ယိုစိမ့်မှုမရှိစေရန် ယာဉ်များအား ပုံမှန်စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၄) စက်၊ စက်ကိရိယာများနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကိုင်တွယ်ခြင်း တို့ကို နည်းပညာရှင်များနှင့် ကျွမ်းကျင်သူများမှ ဆောင်ရွက်ရန်၊

(၅) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း နှင့် ပုံမှန်တိုင်းတာခြင်းများ ဆောင်ရွက်ရန်။

(ဈ) **စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းကြောင့် ထိခိုက်မှုလျော့ပါးစေရေး။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) အစားအသောက်စွန့်ပစ်ပစ္စည်းများ၊ အန္တရာယ်ရှိသောဓာတုပစ္စည်းများနှင့် အခြားသောပစ္စည်းများအား စီမံကိန်းဧရိယာအတွင်းရှိ သတ်မှတ်နေရာတွင် သီးခြားစီ သိမ်းဆည်းထားရှိကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ချိတ်ဆက် စွန့်ပစ်ရန်၊

(၂) အိမ်သုံးစွန့်ပစ်ပစ္စည်း (အရည်)နှင့် အညစ်အကြေးများအား မိလ္လာကန်များတွင် သိမ်းဆည်းထား၍ သန့်စင်ပြီးမှ စွန့်ပစ်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်။

(ည) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဧရိယာအားလုံးအတွက် ဝါယာကြိုးစနစ်နှင့် စီမံခန့်ခွဲမှုအချိန်ဇယား များကို လစဉ်စစ်ဆေးရန်၊

(၂) မီးအချက်ပေးစနစ်များနှင့် အခြားမီးဘေးကာကွယ်ရေးပစ္စည်းများ ကောင်းမွန် စေရေး စီမံဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများအား မီးဘေးလုံခြုံရေးလုပ်ထုံးလုပ်နည်းများကို ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေးသင်တန်းများ ဆောင်ရွက်ရန်၊

(၄) မီးဘေးအန္တရာယ်ကာကွယ်ရန် အရေးပေါ်ထွက်ပေါက်များ၊ အချက်ပြအသံပေး စနစ်များထားရှိပြီး လိုအပ်သည့်မီးသတ်ဆေးဘူး၊ မီးသတ်ရေကန်၊ မီးသတ်ပိုက် များထားရှိရန်၊

(၅) မီးလောင်လွယ်သောအရည်များ၊ aerosol ဗူးများ၊ စီးကရက်နှင့် ပြာများကို အမှိုက်ပုံးများကို စွန့်ပစ်မှုမပြုလုပ်ရန် ဆောင်ရွက်ရန်။

(ဓ) **အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) မြေငလျင်၊ ဆူနာမီ၊ ရေကြီးမှု၊ ဓာတုပေါက်ကွဲမှုဆိုင်ရာ အသိပညာများကို ဝန်ထမ်းများအား တစ်နှစ်လျှင် တစ်ကြိမ်ကျွမ်းကျင်သူများနှင့် လေ့ကျင့်သင်ကြားပေးရန်၊

(၂) အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရပါက ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်များကို အများပြည်သူတွေ့မြင်နိုင်မည့် နေရာများတွင် ချိတ်ဆွဲထားရှိရန်၊

(၃) အရေးပေါ်မီးငြိမ်းသတ်ရေးနှင့် ဘေးကင်းရေးထိန်းချုပ်မှုအတွက် တာဝန်ရှိ ပုဂ္ဂိုလ်အား စီမံခန့်ခွဲမှုအဖွဲ့မှ ခန့်အပ်ထားရှိရန်။

(န) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** စီမံကိန်းဆောင်ရွက်သူသည် သဘာဝအခြေခံ သစ်တောများရေရှည် တည်တံ့ ခိုင်မြဲအောင်စီမံခန့်ခွဲရေးနှင့် ကျိုက်ထီးရိုးဘေးမဲ့တော အတွင်းနှင့် အနီးတစ်ဝိုက်ရှိ သစ်တောများ၊ ဂေဟစနစ်ကို ထိန်းသိမ်းရန် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်း စောင့်ရှောက်ခြင်း နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ နှင့်အညီဆောင်ရွက်ရန်။

(ပ) **လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(၁) ဝန်ထမ်းများအပါအဝင် အပန်းဖြေ ဧည့်သည်များအားလုံး၏ ကျန်းမာရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရှေးဦးသူနာပြုကိရိယာများကို အပန်းဖြေစခန်းတွင် အဆင့်သင့်ထားရှိမည် ဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိမှုများ ရှိပါက ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ရန် ကားတစ်စီးကို ၂၄နာရီ အဆင်သင့် ထားရှိရန်၊

(၂) အလုပ်သမားများအား အသိပညာပေးသင်တန်းများ ပြုလုပ်၍ အသိပညာပေး ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသင်တန်းများ ပုံမှန်ပြုလုပ်ပေးခြင်း များ ဆောင်ရွက်ရန်၊

(၃) စီမံကိန်းဧရိယာတွင် အန္တရာယ်ရှိသော အရာဝတ္ထုများနှင့် မတော်တဆမှု များကိုလွဲမှားစွာကိုင်တွယ်ခြင်းမှ ကာကွယ်နိုင်ရန် သတိပေးဆိုင်းဘုတ် များ စိုက်ထူထားရန်၊

(၄) အလုပ်သမားများအား ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (PPE) များ ထောက်ပံ့ပေးရန်။

(၄) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လေအရည်အသွေးနှင့်စပ်လျဉ်း၍ $NO_2$, $SO_2$, $PM_{10}$ ,$PM_{2.5}$, စသည့် Parameter များအား မီးဖိုချောင်ဧရိယာ၊ မီးခိုးခေါင်းတိုင်နှင့် မီးစက်များတွင် တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ရေအရည်အသွေးနှင့်စပ်လျဉ်း၍ WHO၏ သောက်သုံးရေအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း သောက်ရေနှင့် စမ်းချောင်းရေမှ တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ဆူညံသံအား စီမံကိန်းလမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်ရာနေရာများတွင် တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) စွန့်ပစ်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ Water temperature, pH, SS, DO, BOD, COD, Coliforms, oil and grease, chromium စသည့် ပါရာမီတာများကို စွန့်ပစ်ရေစုကန်မှ တစ်နှစ်လျှင် ၂ ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရာတွင် လေအရည်အသွေးနှင့် စပ်လျဉ်း၍ $PM_{10}$, $PM_{2.5}$, $SO_2$, NOX, HCl စသည့် ပါရာမီတာများကို စီမံကိန်း ဧရိယာအတွင်း ဖလတစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊ ရေနှင့် စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ pH, oil and grease, TSS, စသည့် ပါရာမီတာများကို စီမံကိန်းဧရိယာအတွင်း ဖလတစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊ မြေအရည်အသွေး နှင့် စပ်လျဉ်း၍ fertility, porosity, texture, water holding စသည့် ပါရာမီတာများကို စီမံကိန်းဧရိယာအတွင်း ဖလတစ်ကြိမ် တိုင်းတာစစ်ဆေးရန်။

(၅) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(၃) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ပ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ် (၁,၆၀၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၂) ဆူညံသံနှင့် တုန်ခါမှု စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေ ကျပ် (၅၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၃) စွန့်ပစ်ရေ ပြန်လည်သန့်စင်ခြင်းစနစ်တည်ဆောက်ရေးအတွက် ရန်ပုံငွေ ကျပ် (၄၆၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၄) မြေအရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေ ကျပ် (၅၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၅) စွန့်ပစ်ပစ္စည်းထိန်းသိမ်းခြင်းအတွက် ရန်ပုံငွေ ကျပ် (၁,၀၀၀,၀၀၀) ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၆) Fire Safety Training အတွက် ရန်ပုံငွေ ကျပ် (၅,၀၀၀,၀၀၀) ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၇) အရေးပေါ်တုံ့ပြန်မှုအစီအစဉ်အတွက် ရန်ပုံငွေ ကျပ် (၅,၀၀၀,၀၀၀) ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၈) လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်း ပေးခြင်း အတွက် ရန်ပုံငွေ ကျပ် (၁,၀၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၉) ယာဉ်ကြောကြပ်တည်းမှုအစီအစဉ်အတွက် ရန်ပုံငွေ ကျပ် (၅၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၁၀) စိမ်းလန်းစိုပြည်မှုဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေ ကျပ် (၅၀၀,၀၀၀) ခန့် လျာထား သုံးစွဲမည်ကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာပါ ကတိကဝတ်များ အထက်အပိုဒ် (၆) တွင်ဖော်ပြထားသည့် ကတိကဝတ်များအပြင် အောက်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက် များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊

မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကိုဆောင်ရွက်ပေးသူကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်စေဘဲ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လက်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) ရေကြီးရေလျှံမှုများ ၊ မြေပြိုခြင်းအပါအဝင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်ပြီး ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်

အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာမည်ဖြစ်၍ ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်းသည့် အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့် အလေ့အကျင့်များကို ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

(၉) လေအေးပေးစက်များသုံးစွဲရာတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့် ကမ္ဘာ့ပူနွေးမှုညွှန်းကိန်းမြင့်မားသော ဒြပ်ပစ္စည်းများတပ်ဆင်သုံးစွဲခြင်းမပြုရန်၊

(၁၀) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာစွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာမှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ)စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ် တည်ဆောက်ခြင်းအားဖြင့် ကမ္ဘာလှည့် ခရီးသည် များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၆.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်။

(ဂ) **ဆူညံသံစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဆူညံသံစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍တည်ဆောက်ရေးကာလတွင် ဟိုတယ်အဆောက်အဦ တည်ဆောက် ခြင်း ကြောင့်ဖြစ်ပေါ်လာသော တုန်ခါမှုများကြောင့် အနီးပတ်ဝန်းကျင်ရှိ ယဉ်ကျေးမှု အမွေအနှစ်များ၊ စေတီဘုရားများ ထိခိုက်မှုမရှိစေရေး နှင့် လျှော့နည်းစေရေး လိုက်နာဆောင်ရွက်ရန်။

(ဃ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံ ခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင် ရွက်ရမည်။

(င) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေးပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်။

(ဇ) အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့်အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိ ရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်

ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်း စောင့်ရှောက် ရန်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီ အစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(ဠ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဣ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင်ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်း နှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်း နှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင် ဖြည့်စွက်ထားသော မှတ်တမ်း

နှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့်ပြင်ဆင် ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ၎င်းဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီး နောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် –

(ကက)စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့် အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ် အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည်သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီး ဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာ မဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်း စစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာ ဆောင်ရွက်ရန်၊

(ဃဃ)စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဍ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်

သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက် ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန် ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန် တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို အသစ် ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြု ခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော် ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---